လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## ၈၈’ ဒီမိုကရေစီအရေးတော်ပုံကြီး (၁၉) နှစ်မြောက်အခမ်းအနားသို့ ပေးပို့သော လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ သဝဏ်လွှာ

(၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

၈၈’ဒီမိုကရေစီအရေးတော်ပုံကြီးသည် (မဆလ)တစ်ပါတီအာဏာရှင်စနစ်ကို ဖယ်ရှားနိုင်ခဲ့သည်။ သို့သော်လည်း စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်သို့ ချီတက်ရာ၌ စစ်အာဏာရှင်စနစ်က အဟန့်အတားဖြစ်နေခဲ့ပြန်သည်။

သို့အတွက် စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးကို ၈၈’ဒီမိုကရေစီအရေးတော်ပုံကြီး၏ မပြီးဆုံးသေးသော တာဝန်တစ်ရပ်အဖြစ် ဆက်လက်ထမ်းဆောင်ကြရပေလိမ့်ဦးမည်။ စစ်အာဏာရှင်စနစ်ကို ဖယ်ရှားပစ်နိုင်မှသာ စစ်မှန်သောပါတီစုံ ဒီမိုကရေစီစနစ်နှင့် စစ်မှန်သောပြည်ထောင်စုကို တည်ဆောက်နိုင်ပါလိမ့်မည်။

သို့ပါ၍ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး တာဝန်သည် ယနေ့ကာလ၏ အဓိကအကျဆုံးသော တာဝန်တစ်ရပ် ဖြစ်ပါသည်။

အခြေအနေအကြောင်းကြောင်းကြောင့် ကျွန်တော်တို့ရဲဘော်များ၊ မိတ်ဆွေများ အမိနိုင်ငံနှင့်ဝေးကွာသော အရပ်ဒေသအသီးသီးတွင် ယာယီအားဖြင့် ခွဲခွာနေကြရသည်။ သို့သော်လည်း ညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ခေတ်မီ တိုင်းပြည်တည်ဆောက်ရေး ဟူသော အခြေခံအချက်များအပေါ်၌ တစ်စိတ်တည်းတစ်ဝမ်းတည်းရှိကြသည်။

ယင်းကို ပိုမိုကျစ်လစ်သိပ်သည်းစွာ စုစည်းနိုင်ဖို့လိုအပ်နေသည်။ သိပ်သည်းကျစ်လစ်စွာစုစည်းနိုင်မှသာ ခိုင်မာသော အင်အားတစ်ရပ်ကို ကျွန်တော်တို့ရရှိပိုင်ဆိုင် နိုင်ပါလိမ့်မည်။ ထိုသို့ခိုင်မာသော အင်အားဖြင့်သာ စစ်အာဏာရှင်စနစ်ကို ဖယ်ရှားတိုက်ဖျက်နိုင်မည်။ ညီညွတ်ငြိမ်းချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည် ဖြစ်သည်။

(နဝတ–နအဖ)စစ်အစိုးရသည် အာဏာသိမ်းပြီးနောက် ၈၈’ဒီမိုကရေစီအရေးတော်ပုံကြီးနှင့် အရေးတော်ပုံကြီး၏ အောင်သီးအောင်ပွင့်များကို ချေမှုန်းဖျက်ဆီးပစ်ရန် အဆက်မပြတ် အပြင်းအထန်ကြိုးပမ်းခဲ့သည်။ ကြိုးပမ်းနေဆဲလည်း ဖြစ်သည်။

လမ်းပြမြေပုံ ၇ ချက်သည် ၎င်းတို့၏ အဓိကချေမှုန်းရေးလက်နက်များအနက် တစ်ခုဖြစ်သည်။ ယခုအခါ ယင်း လမ်းပြမြေပုံ ၇ ချက်၏ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကျင်းပခြင်းသည် များမကြာမီ အဆုံးသတ်ပေတော့မည်။

(နအဖ)စစ်အစိုးရကျင်းပနေသော ‘ညောင်နှစ်ပင်အမျိုးသားညီလာခံ’နှင့် အဆိုပါ ညီလာခံမှ ချမှတ်ရေးဆွဲခဲ့သော၊ ရေးဆွဲနေသော ဦးတည်ချက်များ၊ အခြေခံမူများ၊ အသေးစိတ်အခြေခံမူများသည် ပြည်သူ့ဆန္ဒနှင့်မကိုက်ညီပါ၊ ကိုယ်စားမပြုပါ။

ထိုညီလာခံ၌ ၁၉၉၀ပြည့် နှစ်ရွေးကောက်ပွဲတွင် ပြည်သူလူထုက ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများပါဝင်နိုင်ခြင်းမရှိပါ။ တိုင်းရင်းသားများကို အမှန်တကယ်ကိုယ်စားပြုသူများလည်းပါဝင် တက်ရောက်နိုင်ခြင်းမရှိပါ။

အကြောင်းအမျိုးမျိုးဖြင့် ပါဝင်တက်ရောက်နေရသူများ အနေဖြင့်လည်း မိမိတို့ကိုယ်စားပြုရာ တိုင်းရင်းသားများ၏ လိုလားချက်များကို တင်ပြနိုင်ခြင်းလည်းမရှိပါ။ တင်ပြနိုင်ခဲ့သမျှသည်လည်း တင်းကျပ်စွာ ချုပ်ကိုင်ထားသည့် ‘ညီလာခံကျင်းပရေးလုပ်ထုံးလုပ်နည်း’များအောက်တွင် အရာထင်လာခဲ့ခြင်းမရှိပါ။ (နအဖ)စစ်အစိုးရစိတ်ကြိုက် တစ်ဖက်သတ်ရေးဆွဲ ချမှတ်နေခြင်းသာဖြစ်ပါသည်။

သို့ပါ၍ အဆိုပါညောင်နှစ်ပင်အမျိုးသားညီလာခံနှင့် ထိုညောင်နှစ်ပင်ညီလာခံ၌ ချမှတ်ရေးဆွဲခဲ့သော၊ ရေးဆွဲနေသော ဦးတည်ချက်များ၊ အခြေခံမူများ၊ အသေးစိတ်အခြေခံမူများကို ပြတ်ပြတ်သားသားဆန့်ကျင်ကန့်ကွက်ရမည်။

ထို့အပြင် (နအဖ) စစ်အစိုးရသည် အဆိုပါညောင်နှစ်ပင်အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် ဦးတည်ချက်များ၊ အခြေခံမူများ၊ အသေးစိတ်အခြေခံမူများဖြင့် အခြေခံဥပဒေမူကြမ်းတစ်ရပ်ကိုရေးဆွဲ၍ လမ်းပြမြေပုံ အဆင့် (၄)တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပကာအတည်ပြုမည်ဟုထုတ်ပြန်ကြေညာထားပါသည်။

လမ်းပြမြေပုံအဆင့်(၄)တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်လာသည့်အခါ လူမျိုးပေါင်းစုံပြည်သူများက ပြတ်ပြတ်သားသားဆန့်ကျင်ကန့်ကွက်မဲပေး၍ ဆန့်ကျင်ပယ်ချသွားနိုင်စေရန် စည်းရုံးလှုံ့ဆော် ပြင်ဆင်သွားရေးကို ပြည်တွင်းပြည်ပ အင်အားစုအသီးသီးက ယခုကတည်းက ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ၈၈'ဒီမိုကရေစီအရေးတော်ပုံကြီးနှင့် ဒီမိုကရေစီတော်လှန်ရေးကာလ အဆင့်ဆင့်၌ ကျဆုံးသွားကြသော သူရဲကောင်းပြည်သူများ၊ အာဇာနည်များ၏သစ္စာကို စောင့်သိလျက် စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေးတာဝန်ကို တစ်စိတ်တည်း တစ်ဝမ်းတည်း ဆောင်ရွက်ကြပါစို့။

- ဒီမိုကရေစီတော်လှန်ရေး တိုက်ပွဲအဆက်ဆက်တွင် ကျဆုံးခဲ့ကြသော အာဇာနည်များ ထာဝစဉ် ဥဒါန်းတွင်ပါစေ။
- ၈၈'ဒီမိုကရေစီအရေးတော်ပုံစိတ်ဓါတ် အဓွန့်ရှည်ပါစေ။
- စစ်အာဏာရှင်စနစ် မုချ ကျဆုံးရမည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၇ ခုနှစ်၊ ဩဂုတ်လ (၈) ရက်။